# စစ်အုပ်စု၏ ကချင်ပြည်နယ် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အပေါ် တုံ့ပြန်ချက်။

နေ့စွဲ ။ ။ ၂၆၊ အောက်တိုဘာလ၊ ၂၀၂၂။

အောက်တိုဘာ ၂၃ ရက်နေ့ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်အား စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကျူးလွန်ခြင်းအပေါ် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ အဖွဲ့ဝင်များမှ မှတ်ချက်ပြုစကားများ။

**Chris Sidoti** : မြန်မာစစ်တပ်ဟာ ခုလို ရက်စက်ကြမ်းကြုတ်ပြီး သရဲဘောကြောင်တဲ့ တိုက်ခိုက်မှုတွေနဲ့ မြန်မာနိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်တွေအပေါ် ပေါ်ပေါ်ထင်ထင်ကျူးလွန်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတကာ အဖွဲ့အစည်းတွေက သူတို့လုပ်ရပ်တွေ ရပ်တန့်သွားအောင် အရေးယူမှုတွေ မပြုလုပ်ဘူးဆိုတာ သိနေကြလို့ပဲဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ တုန့်ပြန်ဆောင်ရွက်မှုမရှိခြင်းက မြန်မာစစ်ဗိုလ်ချုပ်တွေဟာ သူတို့ကျူးလွန်မှုတွေအတွက် တာဝန်ယူစရာမလိုအောင် ကာကွယ်ပေးနေပါတယ်။ ဒါကြောင့်လည်း ဖားကန့်မြို့အပေါ် ခုလိုအလွန် ရက်စက် ကြမ်းကြုတ်တဲ့ ကျူးလွန်မှုတွေ စစ်တပ်က ကျူးလွန်နိုင်ခဲ့တာပဲဖြစ်ပါတယ်။ နိုင်ငံတကာရာဇဝတ်ခုံရုံး အနေနဲ့ ရောမသဘောတူညီချက် ပုဒ်မ ၁၂(၃) နှင့်ပက်သက်တဲ့ မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရရဲ့ ထုတ်ပြန်ကြေညာချက်အပေါ်အမြန်ဆုံး လက်ခံဆောင်ရွက်သင့်ပါတယ်။ ထိုမှသာ မြန်မာစစ်ခေါင်းဆောင်တွေဟာ သူတို့ရဲ့ကြောက်စရာကောင်းတဲ့ ပြစ်မှုတွေအတွက် တရားမျှတမှုကို ရင်ဆိုင်ရပါလိမ့်မယ်။

**Marzuki Darusman** : အရပ်သားတွေ ဆင်နွှဲနေကြတဲ့ ဂီတဖျော်ဖြေပွဲတစ်ခုအပေါ် လေကြောင်း တိုက်ခိုက်မှု ကျူးလွန်တယ်ဆိုတာ သရဲဘောကြောင်ပြီး လူမဆန်တဲ့ စစ်တပ်ရဲ့ အဆုံးစွန်ကျူးလွန်မှုတစ်ခုပ ဝမ်းနည်းစရာကောင်းတာက ကချင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံက ပြည်သူတွေအပေါ် ကျူးလွန်နေတဲ့ အလုံးဆုံ ဖျက်ဆီးရေး စီစဉ်တိုက်ခိုက်မှုများကို စဉ်ဆက်မပျက် လုပ်ဆောင်နေပါတယ်။ အဆိုပါ တိုက်ခိုက်မှုများအတွက် လပေါင်း ၂၀ သာမက ဆယ်စုနှစ်ပေါင်းများစွာ ပြစ်ဒဏ်လွတ်ငြိမ်းနေမှုရရှိနေပါတယ်၊ မင်းအောင်လှိုင်နောက်လိုက် စစ်အုပ်စုဟာ တစ်နိုင်ငံလုံးကို မီးလောင်တိုက်သွင်းပြီး လူတွေကို ညှင်းပန်းနှိပ်စက်နေချိန်မှာ အာဆီယံအနေနဲ့ သူတို့ရဲ့ ကျရှုံးပြီးဖြစ်တဲ့ ဘုံသဘောတူညီချက် (၅) ရပ်ကို လက်ကိုင်ထားပြီး မင်းအောင်လှိုင်ရဲ့သဘောထား ပြောင်းဖို့ လပေါင်း ၂၀ ကျော်အချိန်ဖြုန်းခံတာဟာ လက်ခံနိုင်စရာ မရှိပါဘူး။ အခုလို စစ်အုပ်စုကြောင့် သေဆုံးပျက်စီး ကြရမှုတွေ အဆုံးသတ်နိုင်ဖို့ အာဆီယံခေါင်းဆောင်တွေအနေနဲ့ အမျိုးသားညီညွတ်ရေး အစိုးရနဲ့ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး လမ်းကြောင်းသစ်တစ်ခုလုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။ လာမယ့် အာဆီယံ ထိပ်သီးအစည်းအဝေးဟာ လျှင်လျှင်မြန်မြန်၊ အကျိုးရှိရှိနဲ့ စစ်အုပ်စုရဲ့ မူမမှန်တဲ့ လုပ်ရပ်တွေနဲ့ ဒီ ပဋိပက္ခ ဖြစ်စဉ်တစ်ခုလုံးကို နလန်မထူနိုင်အောင် အဓိက လုပ်ဆောင်ကြရမှာပဲဖြစ်ပါတယ်။

Special Advisory Council for

# MYANMAR

**Yanghee Lee** : ကချင်ပြည်နယ်အတွင်း ကြောက်မက်ဖွယ် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ဟာ မင်းအောင်လှိုင်နဲ့ နောက်လိုက် အရိုင်းအစိုင်း စစ်အုပ်စုအနေနဲ့ ဘာအကြောင်းပြချက်မှ ပေးလို့ မရပါဘူး။ စစ်အုပ်စုရဲ့တိုက်လေယာဉ်တွေက အရပ်သားပြည်သူရာနဲ့ချီတက်ရောက်တဲ့ တေးဂီတဖျော်ဖြေပွဲကို လူပေါင်းများစွာအသက်ဆုံးရှုံးမယ်မှန်း သိလျက် တိုက်ခိုက်ခဲ့ပါတယ်။ ဒါဟာ စစ်ရာဇဝတ်မှုကို ကျူးလွန်တာပါ။ ယူအန်နဲ့ အာဆီယံ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ ဘယ်အချိန်ကျမှ မြန်မာနိုင်ငံသားတွေနဲ့ အတူတကွရပ်တည်ကြပြီး ဒီမိုကရေစီအရေးတော်လှန်မှု တွေကို ထောက်ခံကြပါမလဲ။

info@specialadvisorycouncil.org

www.specialadvisorycouncil.org

@SpecialCouncil